မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

**အမှတ် ၈ ]** ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် ( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၅**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

**တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီဖျက်သိမ်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၇/၂၀၁၂ ဖြင့် ဖွဲ့စည်းခဲ့သော **"တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ"** ကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၆**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်အား စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးအောင်သန်းဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဒေါ်ဝါဝါမောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| (ဂ) | ဦးတင်မောင်ကြည်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၆

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် )

### ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း

၁။ ပုဂံရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် (MZ) နှင့် ရှေးဟောင်းနေရာတည်ရှိရာဇုန် (AZ) အတွင်း ဆောက်လုပ်ထားသည့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများကို ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် **"ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲမှုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီးကိုကို<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးချုပ်ကျော်ဇံမြင့်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(ဂ) ဦးအုန်းသန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ဒေါ်စန္ဒာခင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန

(င) ဒေါက်တာစိုင်းကျော်အုန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(စ) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ဒုတိယရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဆ) ဦးအောင်မောင်း — အဖွဲ့ဝင်
ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဇ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဈ) ဦးတင်ထူးမောင် — တွဲဖက်အတွင်းရေးမှူး
ခရိုင်အုပ်ချုပ်ရေးမှူး
ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ လေ့လာစောင့်ကြည့်ရေးကော်မတီကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်။

(ခ) ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသတ်မှတ်ဇုန် (MZ) (AZ) (PZ) များသည် မြို့ပြလူနေရပ်ကွက်၊ ကျေးရွာများနှင့် အချို့နေရာများတွင် တစ်ထပ်တည်းကျရောက်နေပြီး "ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ" ပြဋ္ဌာန်းခြင်းမပြုမီကပင် ဟိုတယ်၊ တည်းခိုခန်းများလည်း ရှိနေသဖြင့် ဥပဒေ၊ နည်းဥပဒေများကို ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်း၍ ပြန်လည်သုံးသပ်ဖြည့်စွက်ပြင်ဆင်ခြင်းများ ဆောင်ရွက်ရန်။

(ဂ) ပုဂံနှင့် ညောင်ဦးမြို့ပြဧရိယာများနှင့် ဆက်စပ်နေသော နေရာများအား ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ ယဉ်ကျေးမှုဇုန်နယ်နိမိတ် ပြန်လည်ပြင်ဆင်သတ်မှတ် ဆောင်ရွက်ရန်။

(ဃ) ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်ကာကွယ်ထိန်းသိမ်း နိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ နည်းလမ်း ရှာဖွေဆောင်ရွက်ရန်။

(င) ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း လက်ရှိဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် ဟိုတယ်/တည်းခိုခန်းများကို တိုးချဲ့တည်ဆောက်ခွင့်မပြုရန်နှင့် လက်ရှိအခြေအနေကို အသေးစိတ်စာရင်းကောက်ယူထားရန်၊ မွမ်းမံပြင်ဆင်ရန် လိုအပ်ပါက လက်ရှိအခြေအနေအတိုင်းသာ ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်၊ လုပ်ငန်းရှင်များကို ဥပဒေ၊ နည်းဥပဒေများအား လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရန်။

(စ) ပုဂံညောင်ဦးမြို့ပြဇရိယာရှိ MZ နှင့် AZ အတွင်း လက်ရှိလိုင်စင်ခွင့်ပြုပြီး ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်၊ တည်းခိုခန်းများအား ကာလတစ်ခုသတ်မှတ်ပြီး သတ်မှတ်ကာလပြည့်မြောက်ပါက ယင်းဇုန်များနှင့် ကင်းလွတ်သည့်နေရာများသို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်။

(ဆ) ပုဂံညောင်ဦးနယ်မြေအတွင်း MZ၊ AZ တို့နှင့် ကင်းလွတ်သည့်နေရာများတွင် ဟိုတယ်ဇုန်နေရာများ ရွေးချယ်သတ်မှတ်ခြင်းကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန်။

(ဇ) ပုဂံယဉ်ကျေးမှုအမွေအနှစ်နယ်မြေ မြို့ပြလူနေရပ်ကွက်နှင့် တစ်ထပ်တည်းကျရောက်နေသည့် MZ နှင့် AZ များအတွင်း ဥပဒေ၊ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အဦများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(၁) သတ်မှတ်ချက်များနှင့် ဖြိစွန်းသည့် အဆောက်အဦများကို သတ်မှတ်ချက်များနှင့် လွတ်ကင်းသည်အထိ ရာနှုန်းပြည့် (သို့မဟုတ်) တစ်စိတ်တစ်ပိုင်း ဖျက်သိမ်းစေခြင်း။

(၂) သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အဆောက်အဦများကို ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ "၂၀၁၁ ခုနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေများ" ပါ ပုံစံ (၁) ဖြင့် လျှောက်ထားစေပြီး ပုံစံ (၂) ဖြင့် အဆောက်အဦ တည်ဆောက်ခြင်းကို စိစစ်ခွင့်ပြုပေးခြင်း။

(၃) သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အဆောက်အဦများတွင် ဥပဒေနှင့်ညီညွတ်သည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်း။

(၄) လုပ်ငန်းဆောင်ရွက်ရာတွင် "၁၉၉၈ ခုနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ် ထိန်းသိမ်းရေးဥပဒေ" ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ) (င) (စ) တို့နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်နှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေး စိစစ်ခွင့်ပြုခြင်း။

(၅) ဥပဒေစည်းကမ်းသတ်မှတ်ချက်ဖြင့် ခွင့်ပြုနိုင်သည့်လုပ်ငန်းများ၏ အရင်းကျေကာလ သတ်မှတ်ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ ရေးဆွဲပြီး သက်တမ်းပြည့်ပါက ဆောင်ရွက်ခွင့်ရပ်ဆိုင်းရန် သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း။

(၆) သတ်မှတ်ကာလပြည့်ပြီးနောက်တွင် အဆိုပါလုပ်ငန်းလိုင်စင်ကို ခွင့်မပြုဘဲ စားသောက်ဆိုင်၊ Souvenir Shop၊ အိမ်တွင်းလက်မှုလုပ်ငန်း၊ ပြခန်းစသည်ဖြင့် အခြားလုပ်ငန်းများအဖြစ် ပြောင်းလဲလုပ်ကိုင်စေခြင်းဖြင့် သတ်မှတ်ကာလကျော်လျှင် ပုဂံဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းအပါအဝင် ဥပဒေအရ ကန့်သတ်ထားသည့်လုပ်ငန်းများ လုံးဝကင်းစင်အောင် ဆောင်ရွက်စေခြင်း။

(၇) လက်ရှိတည်ဆောက်ပြီး လုပ်ငန်းရှင် (၂၅) ဦးကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ အဆောက်အဦတည်ဆောက်ခွင့်ပေးသကဲ့သို့ ကျန်လုပ်ငန်းရှင် (၁၇) ဦးကိုလည်း အဆိုပါ နည်းလမ်းအတိုင်း ဆောင်ရွက်ခွင့်ပြုခြင်း။

(၈) "ရှေးဟောင်းအဆောက်အအုံ ကာကွယ်ထိန်းသိမ်းရေးဥပဒေ" ပုဒ်မ ၂၉ အရ ခွင့်ပြုချက် လျှောက်ထားရန် ပျက်ကွက်ခဲ့သည့် လုပ်ငန်းရှင်များ၏ တာဝန်ရှိမှုအပေါ် ထိုက်သင့်သည့် ငွေကြေးကောက်ခံ၍ ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စီမံခန့်ခွဲ အသုံးပြုစေခြင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၁/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် )

**ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၄၅၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄) နှင့် ပုဒ်မ ၇၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၁၈ တို့ပါ ပြဋ္ဌာန်းချက်များအရ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်အား ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၆**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမဝန်ကြီးဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာဒေါ်ရီရီဝင်းအား သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၈၇/၂၀၁၅**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်း အခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၅ အရ စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့်ဆိုင်ရာလုပ်ငန်းဌာန၏ ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးခင်မောင်တင့်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀/- (ကျပ် နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## ညွှန်ကြားချက်အမှတ် ၁/၂၀၁၆

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

### ဝန်ထမ်းသက်သာချောင်ချိရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက်ခံ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးတွင် ယခင်ခေတ်အဆက်ဆက်က ထားရှိဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းသက်သာချောင်ချိရေး ရန်ပုံငွေစာရင်းများနှင့်စပ်လျဉ်း၍ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် လျော်ညီစေရေးနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ပေးနိုင်စေရေးတို့အတွက် ရန်ပုံငွေစုဆောင်းခြင်း၊ ထုတ်ယူသုံးစွဲခြင်း၊ စာရင်းထားရှိခြင်းနှင့် စာရင်းစစ်ဆေးခြင်း အပါအဝင် ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျရှိစေရန်အလို့ငှာ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည် -

### အခန်း (၁)

### အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ ဤလုပ်ထုံးလုပ်နည်းများကို **ဝန်ထမ်းသက်သာချောင်ချိရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက်ရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နေပြည်တော်ကောင်စီနှင့်လည်းကောင်း သက်ဆိုင်စေရမည်။ သို့ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရန်ပုံငွေ**ဆိုသည်မှာ နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဌာနက စီမံခန့်ခွဲ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပတွင် ထားရှိဆောင်ရွက်သော ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ ရန်ပုံငွေကိုဆိုသည်။

(ခ) **အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း**ဆိုသည်မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့်ပြည်ထောင်စုဝန်ကြီးဌာနများလက်အောက်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့်အဆင့်တူ ပုဂ္ဂိုလ်က အုပ်ချုပ်သော အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။

(ဂ) **မိသားစု**ဆိုသည်မှာ ဝန်ထမ်း၏ မိဘ၊ ဇနီး သို့မဟုတ် ခင်ပွန်း၊ သားသမီးအရင်းအချာတို့ကို ဆိုသည်။

(ဃ) **ကော်မတီ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများအရ ဖွဲ့စည်းသည့် ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီကို ဆိုသည်။

## အခန်း (၂)
## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့သည် -

(က) မိမိတို့၏ ရုံး၊ ဌာနတွင် ရန်ပုံငွေကိုစီမံခန့်ခွဲရန် အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအကြီးအမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်သော အဖွဲ့ဝင်ငါးဦးမှ အဖွဲ့ဝင်ခုနစ်ဦးအထိပါဝင်သည့် ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီကို ဖွဲ့စည်းရမည်။

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် ရန်ပုံငွေကို စီမံခန့်ခွဲရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းအကြီးအမှူးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်သော အဖွဲ့ဝင်ငါးဦးမှ အဖွဲ့ဝင်ခုနစ်ဦးအထိ ပါဝင်သည့် ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီကို ဖွဲ့စည်းရမည်။

(ဂ) အပိုဒ်ခွဲ (က) နှင့် (ခ) တို့အရ ဖွဲ့စည်းသော ကော်မတီများတွင်ပါဝင်သည့်အဖွဲ့ဝင်များအနက်မှ သင့်လျော်သူတို့ကို ဘဏ္ဍာရေးမှူးနှင့် အတွင်းရေးမှူးအဖြစ် သတ်မှတ်ရမည်။

၅။ ကော်မတီဖွဲ့စည်းရာတွင် သတ်မှတ်ထားသော ရာထူးအဆင့်ရှိသူ ခန့်အပ်ထားခြင်းမရှိလျှင် အမြင့်ဆုံးရာထူးဖြင့် ဖွဲ့စည်းရမည်။

၆။ ကော်မတီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် -

(က) ရန်ပုံငွေကို ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ရမည်။

(ခ) ဝန်ထမ်းများ သင့်တင့်မျှတစွာ အကျိုးခံစားနိုင်စေရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်၍ ဆောင်ရွက်ရမည်။

(ဂ) ရငွေ၊ သုံးငွေကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျစီမံခန့်ခွဲရမည်။

(ဃ) ကော်မတီအစည်းအဝေးကို လစဉ် ပြုလုပ်ရမည်။

(င) ရန်ပုံငွေစာရင်း၊ ငွေ၊ ပစ္စည်း လက်ကျန်တို့ကို လစဉ်အနည်းဆုံးတစ်ကြိမ်စစ်ဆေးရမည်။

(စ) ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကော်မတီသို့ လစဉ်တင်ပြအတည်ပြု မှတ်တမ်းတင်ထားရှိရမည်။

၇။ ကော်မတီဥက္ကဋ္ဌသည် ရန်ပုံငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲရန်နှင့် ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။ ဥက္ကဋ္ဌသည် မိမိ၏ပေါ့လျော့မှုကြောင့် ရန်ပုံငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ ဆုံးရှုံးစေခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတစ်ခုခုဖြစ်ပွားပါက ဥက္ကဋ္ဌ၌ တာဝန်ရှိသည်။

၈။ ကော်မတီဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌကိုတာဝန်ခံ၍ ကော်မတီကို ကြီးကြပ်ကွပ်ကဲရမည်။ အခြေအနေ အရ ဥက္ကဋ္ဌတာဝန်ခေတ္တလွှဲပြောင်းထမ်းဆောင်ရန် လိုအပ်ပါက ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရမည်။

၉။ ကော်မတီအဖွဲ့ဝင်သည် ကော်မတီကပေးအပ်သည့် ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၀။ ကော်မတီအတွင်းရေးမှူးသည် ကော်မတီအစည်းအဝေးကို လစဉ်ပုံမှန်ကျင်းပရန် စီစဉ်ဆောင်ရွက်ခြင်း၊ ကော်မတီအစည်းအဝေးကချမှတ်သည့် မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီရန်ပုံငွေကို ကြီးကြပ်ခြင်း၊ ရန်ပုံငွေထိန်းသိမ်းခြင်းတို့အပြင် ရန်ပုံငွေနှင့်ပတ်သက်သည့် ကိစ္စအဝဝအတွက် တာဝန်ရှိသည်။

၁၁။ ဘဏ္ဍာရေးမှူးသည် ရန်ပုံငွေအသွင်း၊ အထုတ်ဆိုင်ရာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ခြင်း၊ ရန်ပုံငွေ လုံခြုံရေးနှင့် ရန်ပုံငွေစာရင်းထိန်းသိမ်းခြင်းတို့ကို တာဝန်ခံဆောင်ရွက်ရမည်။ ကြိုတင်ငွေပေးငွေယူပြုလုပ် ရာတွင်လည်းကောင်း၊ အပြီးသတ်ငွေပေးငွေယူပြုလုပ်ရာတွင်လည်းကောင်း စာရင်းများကိုသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ထားရှိရမည်။ ကော်မတီက သတ်မှတ်ခွင့်ပြုထားသည့် ငွေပမာဏထက် ကျော်လွန်၍ လက်ဝယ်ထားရှိခြင်းမပြုရ။

၁၂။ ဘဏ္ဍာရေးမှူးသည် အောက်ပါတို့ကို တာဝန်ယူဆောင်ရွက်ရမည် -

(က) ငွေစုဘဏ်အပ်ငွေ၊ ဝယ်ယူထားသည့် ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်နှင့် ငွေစုလက်မှတ်တို့ အတွက် အတိုးရငွေ စိစစ်ခြင်း။

(ခ) အတိုးရငွေကို ဘဏ်က မှန်ကန်စွာ စာရင်းရေးသွင်းခြင်း ရှိ မရှိ တိုက်ဆိုင်ကြည့်ရှုစစ်ဆေးခြင်းနှင့် လိုအပ်ချက်များကို ဘဏ်နှင့်ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဂ) ရန်ပုံငွေစာရင်းစစ်ဆေးရေးအဖွဲ့နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့က ရန်ပုံငွေစာရင်းများ စစ်ဆေးရာတွင် အတွင်းရေးမှူးနှင့်အတူ စနစ်တကျ စစ်ဆေးခံခြင်း။

(ဃ) ရန်ပုံငွေကို နှစ်ဖက်သွင်း စာရင်းထားနည်းဖြင့် အောက်ဖော်ပြပါ စာရင်းစာအုပ်များတွင် ရေးသွင်း ထိန်းသိမ်းထားရှိခြင်း -

| | | |
|---|---|---|
| (၁) | ငွေစုလက်မှတ် မှတ်ပုံတင်စာအုပ် | **နောက်ဆက်တွဲ (က)** |
| (၂) | အစိုးရငွေတိုက်လက်မှတ် မှတ်ပုံတင်စာအုပ် | **နောက်ဆက်တွဲ (ခ)** |
| (၃) | အစိုးရငွေတိုက်စာချုပ် မှတ်ပုံတင်စာအုပ် | **နောက်ဆက်တွဲ (ဂ)** |
| (၄) | အထွေထွေလယ်ဂျာ | **နောက်ဆက်တွဲ (ဃ)** |
| (၅) | ငွေစာရင်းစာအုပ် | **နောက်ဆက်တွဲ (င)** |
| (၆) | ရငွေ နှင့် ပေးငွေစာရင်း | **နောက်ဆက်တွဲ (စ)** |

(ဂု) ဝင်ငွေနှင့် အသုံးစရိတ်စာရင်း **နောက်ဆက်တွဲ (ဆ)**

(ဈ) လက်ကျန်ရှင်းတမ်း **နောက်ဆက်တွဲ (ဇ)**

၁၃။ ကော်မတီသည် ဝန်ထမ်းသက်သာချောင်ချိရေးရန်ပုံငွေဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် -

(က) မိမိဌာန၊ အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်ကို အသုံးချ၍ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက် ဘောင်ပြင်ပမှ ရန်ပုံငွေ ရှာဖွေစုဆောင်းခြင်း မပြုရ။

(ခ) မိမိဌာန၊ အဖွဲ့အစည်းက အများပြည်သူအားရောင်းချပေးသည့် ပစ္စည်းများအပေါ်တွင်လည်းကောင်း၊ ဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုအပေါ်တွင်လည်းကောင်း တရားဝင်သတ်မှတ်ထားသည့် အဖိုးအခရယူခြင်းမှတစ်ပါး အခြားနည်းဖြင့် ရန်ပုံငွေရှာဖွေ စုဆောင်းခြင်းမပြုရ။

(ဂ) မိမိဌာန၊ အဖွဲ့အစည်း၏ ရုံးလုပ်ငန်းဆောင်ရွက်မှုကို မထိခိုက်စေရ။

## အခန်း (၃)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း

### ရန်ပုံငွေစာရင်းထားရှိခြင်း

၁၄။ အပိုဒ် ၂ ပါဌာန၊ အဖွဲ့အစည်းတစ်ခုလျှင် ရန်ပုံငွေစာရင်းတစ်ခုစီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်ထားရှိဆောင်ရွက်ရမည်။ ဌာန၊ အဖွဲ့အစည်းအလိုက် ရန်ပုံငွေစာရင်းတစ်ခုစီထားရှိရန် မလိုပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ အစီအစဉ်ဖြင့် လျှော့၍ထားရှိနိုင်သည်။

၁၅။ ဌာန၊ အဖွဲ့အစည်းများသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သော လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ လက်ရှိဆောင်ရွက်နေသည့် သက်သာရန်ပုံငွေနှင့် သက်ဆိုင်သောစာရင်းအားလုံးကိုပိတ်သိမ်းပြီး အသစ်ဖွင့်လှစ်သည့် ရန်ပုံငွေစာရင်းသို့ လွှဲပြောင်းထည့်သွင်းရမည်။ ရန်ပုံငွေစာရင်းအသစ်သို့ လွှဲပြောင်းထည့်သွင်းသည့်ငွေသည် ကော်မတီ၏ကနဦးမတည်ငွေဖြစ်သည်။

၁၆။ ရန်ပုံငွေသို့ ထည့်သွင်းရမည့် ရငွေများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာရင်းလွှဲပြောင်း ထည့်သွင်းသည့် ကနဦးမတည်ငွေ။

(ခ) နိုင်ငံတော်က မတည်ပေးငွေ၊ ထောက်ပံ့ငွေ။

(ဂ) ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်နှင့် ငွေစုလက်မှတ်တို့မှ အတိုးရငွေများ။

(ဃ) ငွေစုဘဏ်အပ်ငွေ၊ စာရင်းသေအပ်ငွေနှင့် အချိန်ပိုင်းအပ်ငွေတို့မှ အတိုးရငွေများ။

(င) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှ ရငွေများ။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော လုပ်ငန်းများမှရငွေများ။

### ရန်ပုံငွေကို ဘဏ်တွင်စာရင်းဖွင့်လှစ်အပ်နှံခြင်း

၁၇။ အပိုဒ် ၂ ပါဌာန၊ အဖွဲ့အစည်းအားလုံးသည် ရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ **"ဝန်ထမ်းသက်သာချောင်ချိရေး ရန်ပုံငွေစာရင်း"** အမည်ဖြင့် ငွေစုဘဏ်စာရင်းဖွင့်လှစ်အပ်နှံရမည်။ စာရင်းရှင်စာရင်းဖွင့်လှစ်ရန် လိုအပ်သောဌာန၊ အဖွဲ့အစည်းများသည် ကော်မတီ၏ခွင့်ပြုချက်ဖြင့် **"ဝန်ထမ်းသက်သာချောင်ချိရေး ရန်ပုံငွေစာရင်း"** အမည်ဖြင့် ဖွင့်လှစ်နိုင်သည်။

၁၈။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့သည် ငွေစုဘဏ်စာရင်းနှင့်စာရင်းရှင်စာရင်းများ ဖွင့်လှစ်ခြင်းကို ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွင့်လှစ်ပြီး ငွေထုတ်ယူခြင်းကို သုံးဦးအနက် နှစ်ဦးလက်မှတ်ရေးထိုး၍ ဆောင်ရွက်ရမည်။

**လွှဲပြောင်းခြင်းနှင့်လက်ခံခြင်း**

၁၉။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့အပြောင်းအလဲရှိလျှင် ရန်ပုံငွေစာရင်းများ၊ ဘဏ်စာရင်းများကို စနစ်တကျ လွှဲပြောင်းလက်ခံခြင်းပြုလုပ်၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရမည်။

**ရန်ပုံငွေတိုးပွားစေရန် ရင်းနှီးမြှုပ်နှံခြင်း**

၂၀။ ရန်ပုံငွေ တိုးပွားစေရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းကို ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရမည်။ ထိုသို့ရင်းနှီးမြှုပ်နှံရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းစီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်အရ ရန်ပုံငွေထဲမှ သင့်လျော်သည့် ငွေပမာဏကို အောက်ပါနည်းလမ်းများဖြင့် ရင်းနှီးမြှုပ်နှံနိုင်သည် -

(က) နိုင်ငံပိုင်ဘဏ်က ရောင်းချသော ငွေစုလက်မှတ်ဝယ်ယူခြင်း၊ နိုင်ငံပိုင်ဘဏ်များတွင် ငွေစုဘဏ်အပ်ငွေစာရင်း၊ အချိန်ပိုင်း အပ်ငွေစာရင်းနှင့် စာရင်းသေအပ်ငွေစာရင်းများ ဖွင့်လှစ်အပ်နှံခြင်း။

(ခ) အစိုးရငွေတိုက်စာချုပ်၊ အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူခြင်း။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့် အခြားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း။

**ရန်ပုံငွေသုံးစွဲခြင်း**

၂၁။ ရန်ပုံငွေကို ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် သုံးစွဲနိုင်သည် -

(က) ဝန်ထမ်းနှင့် မိသားစုဝင်များ၏ သာရေး၊ နာရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာ အထူးကိစ္စရပ်များအတွက် ကော်မတီက မူချမှတ်၍ ချေးငွေထောက်ပံ့ခြင်း။

(ခ) ဝန်ထမ်းနှင့် မိသားစုဝင်များအတွက် ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် ပညာထူးချွန်ဆုချီးမြှင့်ခြင်း။

(ဂ) အားကစားပြိုင်ပွဲများကျင်းပခြင်း၊ ဌာနကိုယ်စားပြု အားကစားအသင်းများအတွက်သုံးစွဲခြင်းနှင့် အားကစားထူးချွန်ဆုချီးမြှင့်ခြင်း။

(ဃ) ဝန်ထမ်းများအတွက် တူညီဝတ်စုံ ထောက်ပံ့ပေးခြင်း။

(င) နေ့ကြီးရက်ကြီးများတွင် ကျင်းပသည့် အခမ်းအနားများအတွက် သုံးစွဲခြင်း။

(စ) ပြည်တွင်း ပြည်ပ သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ တက်ရောက်သည့် ဝန်ထမ်းများအား ထောက်ပံ့ခြင်း၊ သင်တန်းထူးချွန်ဆုချီးမြှင့်ခြင်း။

(ဆ) ဝန်ထမ်းများတာဝန်ထမ်းဆောင်ချိန်တွင် သက်သာသောနှုန်းထားဖြင့်စားသောက်နိုင်ရေးအတွက် စီစဉ်ထောက်ပံ့ပေးခြင်း။

(ဇ) လူမှုရေးဆိုင်ရာ ကိစ္စရပ်များအတွက် ထောက်ပံ့လှူဒါန်းခြင်း။

၂၂။ အောက်ဖော်ပြပါ နိုင်ငံ့ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ရန်ပုံငွေကိုသုံးစွဲနိုင်သည်-

(က) ဝန်ထမ်းဖွဲ့စည်းပုံအရ ခန့်အပ်ထားသော အမြဲတမ်းဝန်ထမ်းများ။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ခန့်အပ်ထားသော အကြံပေး၊ ပညာရှင်၊ ကျွမ်းကျင်သူ။

(ဂ) အဆောင်အယောင်ဥပဒေအရ ခန့်အပ်ထားသည့် ကိုယ်ရေးအရာရှိ၊ ပစ္စည်းထိန်း၊ စားပွဲထိုး၊ စားဖိုမှူး၊ ခဝါ၊ ထမင်းချက်၊ အိမ်အကူ၊ ဉယျာဉ်လုပ်သား၊ ယာဉ်မောင်းများ။

(ဃ) ယာယီ၊ ပုတ်ပြတ်ဝန်ထမ်းများ။

(င) နေ့စားလပေးဝန်ထမ်းများ။

## အခန်း (၄)
## စာရင်းစစ်ဆေးခြင်း

၂၃။ အပိုဒ် ၂ ပါဌာန၊ အဖွဲ့အစည်းသည် ကော်မတီဝင်မဟုတ်သော ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သူ ခေါင်းဆောင်အဖြစ်ပါဝင်သည့် ရန်ပုံငွေစာရင်း စစ်ဆေးရေးအဖွဲ့ကို အရာထမ်းသုံးဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၄။ (က) အပိုဒ် ၂၃ အရ ဖွဲ့စည်းသည့် ရန်ပုံငွေစာရင်းစစ်ဆေးရေးအဖွဲ့သည် ရန်ပုံငွေဆိုင်ရာ စာရင်းများကို လစဉ်စစ်ဆေးရမည်။

(ခ) ရန်ပုံငွေဆိုင်ရာ နှစ်ချုပ်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရမည်။

၂၅။ ရန်ပုံငွေစာရင်း စစ်ဆေးရေးအဖွဲ့သည် အောက်ပါတို့ကို စစ်ဆေးရမည် -

(က) ရငွေ၊ သုံးငွေစာရင်းများသည် မှန်ကန်တိကျ၍ တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီခြင်း ရှိ မရှိ။

(ခ) ငွေပေး၊ ငွေယူပြုလုပ်တိုင်း ပြေစာအထောက်အထားများ ရှိ မရှိ၊ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ငွေထုတ်ပေးခြင်းနှင့် သုံးစွဲခြင်း ရှိ မရှိ၊ ရန်ပုံငွေသုံးစွဲရန် ခွင့်ပြုထားသည့် ကိစ္စရပ်များအတွက် သုံးစွဲခြင်း ရှိမရှိ။

(ဂ) ရန်ပုံငွေသုံးစွဲရာတွင် သက်ဆိုင်ရာ ရန်ပုံငွေခေါင်းစဉ်များနှင့်အညီ အပြည့်အစုံစာရင်းရေးသွင်း ထားခြင်း ရှိ မရှိ။

(ဃ) ဘဏ္ဍာရေးနှစ်အတွင်း ရငွေနှင့်ပေးငွေတို့ကို နှစ်ချုပ်စာရင်းတွင် ပြည့်စုံစွာဖော်ပြခြင်း ရှိ မရှိ။

(င) ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်တို့ကို လက်ကျန်ရှင်းတမ်း (Balance Sheet)တွင် ဖော်ပြခြင်း ရှိ မရှိ။

(စ) ရန်ပုံငွေကို တည်ဆဲစည်းမျဉ်း၊ စည်းကမ်းအတိုင်း တိကျစွာလိုက်နာ၍ ရင်းနှီးမြှုပ်နှံထားခြင်းရှိ မရှိ။

(ဆ) စာရင်းပိတ်လက်ကျန်ငွေသည် အမှန်ကျန်ရှိခြင်း၊ အတည်ပြုထားခြင်း ရှိ မရှိ။

(ဇ) ရန်ပုံငွေကို ဘဏ်၌ အပ်နှံရာတွင် တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ။

(ဈ) လက်ဝယ်ကိုင်ဆောင်ခွင့်ပြုထားသည့် ငွေပမာဏအတိုင်း ထားရှိခြင်း ရှိ မရှိ။

## အခန်း (၅)
## အထွေထွေ

၂၆။ အပိုဒ် ၂ ပါ ဌာန၊ အဖွဲ့အစည်းများသည် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ ရန်ပုံငွေသုံးစွဲမှု၊ စာရင်းထိန်းသိမ်းထားရှိမှု၊ ကြီးကြပ်ကွပ်ကဲမှုနှင့် စာရင်းစစ်ဆေးခံယူမှုတို့ကို စနစ်တကျ ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**နောက်ဆက်တွဲ(က)**

**ဝန်ထမ်းသက်သာချောင်ချိရေးရန်ပုံငွေ**
**ငွေစုလက်မှတ် မှတ်ပုံတင်စာအုပ်**

**ဘဏ္ဍာရေးနှစ်၊ -----------------**
**လ အမည်၊ -----------------**

----------------------- ဌာန၊ အဖွဲ့အစည်း

| စဉ် | ငွေစု လက်မှတ် ဝယ်ယူ သည့်နေ့စွဲ | ငွေစု လက်မှတ် နံပါတ် | သိမ်းဆည်းထားသူအမည်/ လက်မှတ် | | ငွေစုလက်မှတ် အတိုးရရှိသည့်နေ့/ ပမာဏ | | | | ဘဏ္ဍာရေးနှစ် အတွင်း ရရှိသည့် အတိုး စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | အမည် | လက်မှတ် | | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | |

**နောက်ဆက်တွဲ(ခ)**

## ဝန်ထမ်းသက်သာချောင်ချိရေးရန်ပုံငွေ
## အစိုးရငွေတိုက်လက်မှတ် မှတ်ပုံတင်စာအုပ်

**ဘဏ္ဍာရေးနှစ်၊ -----------------**
**လ အမည်၊ -----------------**

----------------------- ဌာန၊ အဖွဲ့အစည်း

| စဉ် | ငွေတိုက်လက်မှတ်ဝယ်ယူသည့်နေ့စွဲ | ငွေတိုက်လက်မှတ်နံပါတ် | သိမ်းဆည်းထားသူအမည်/လက်မှတ် | | ငွေတိုက်လက်မှတ်အတိုးရရှိသည့်နေ့/ပမာဏ | | | | ဘဏ္ဍာရေးနှစ်အတွင်းရရှိသည့်အတိုးစုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | အမည် | လက်မှတ် | | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | |

**နောက်ဆက်တွဲ(ဂ)**

**ဝန်ထမ်းသက်သာချောင်ချိရေးရန်ပုံငွေ**
**အစိုးရငွေတိုက်စာချုပ် မှတ်ပုံတင်စာအုပ်**

**ဘဏ္ဍာရေးနှစ်၊ -----------------**
**လ အမည်၊ -----------------**

---------------------- ဌာန၊ အဖွဲ့အစည်း

| စဉ် | ငွေတိုက်စာချုပ် ဝယ်ယူသည့်နေ့စွဲ | ငွေတိုက်စာချုပ် နံပါတ် | သိမ်းဆည်းထားသူ အမည်/လက်မှတ် | | ငွေတိုက်စာချုပ် အတိုးရရှိသည့်နေ့/ ပမာဏ | | | ဘဏ္ဍာရေးနှစ် အတွင်း ရရှိသည့် အတိုး စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | | | အတိုးရရှိသည့်နေ့ | | | |
| | | | အမည် | လက်မှတ် | ၂ နှစ် | ၃ နှစ် | ၅ နှစ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |

နောက်ဆက်တွဲ(ဃ)

## အထွေထွေလယ်ဂျာ

**မြီစား** **ငွေစာရင်းခေါင်းစဉ်အမည်၊ ---------------------------** **မြီရှင်**

| နေ့စွဲ | အကြောင်းအရာ | အညွှန်း | သင့်ငွေ | | နေ့စွဲ | အကြောင်းအရာ | အညွှန်း | သင့်ငွေ | |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | | ၅ | ၆ | ၇ | ၈ | |
| | | | | | | | | | |

**မှတ်ချက်။** စာအုပ်အဖြစ် ထားရှိရန်ဖြစ်ပါသည်၊

**နောက်ဆက်တွဲ(င)**

**ဝန်ထမ်းသက်သာချောင်ချိရေးရန်ပုံငွေ**
**ငွေစာရင်းစာအုပ်**

| ဝင်ငွေ | | | | | | | | | | ထွက်ငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နေ့စွဲ | အမှတ်စဉ် | ငွေရပြေစာအမှတ် | အကြောင်းအရာ | သင့်ငွေ | | | | တာဝန်ခံဝန်ထမ်းလက်မှတ်တို | | နေ့စွဲ | အမှတ်စဉ် | ဘောက်ချာအမှတ် | အကြောင်းအရာ | သင့်ငွေ | | | | တာဝန်ခံဝန်ထမ်းလက်မှတ်တို |
| | | | | ငွေ | | ဘဏ် | | | | | | | | ငွေ | | ဘဏ် | | |
| (၁) | (၂) | (၃) | (၄) | (၅) | | (၆) | | (၇) | | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | | (၁၃) | | (၁၄) |
| | | | စာရင်းဖွင့်လက်ကျန် | ကျပ် | ပြား | ကျပ် | ပြား | | | | | | | ကျပ် | ပြား | ကျပ် | ပြား | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | စာရင်းပိတ်လက်ကျန် | | | | | |
| | | | စုစုပေါင်း | | | | | | | | | | စုစုပေါင်း | | | | | |

**နောက်ဆက်တွဲ(စ)**

ဝန်ထမ်းသက်သာချောင်ချိရေးရန်ပုံငွေ

------------- ဘဏ္ဍာရေးနှစ်၊ ----------- ရက်နေ့မှ၊ ------------- ရက်နေ့ ထိ

ရငွေ/ပေးငွေ စာရင်း

| စဉ် | အကြောင်းအရာ | ရငွေ | | စဉ် | အကြောင်းအရာ | ပေးငွေ |
|---|---|---|---|---|---|---|
| | စာရင်းဖွင့်လက်ကျန် | | | | | |
| | | | | | စာရင်းပိတ်လက်ကျန် | |
| | စုစုပေါင်း | | | | စုစုပေါင်း | |

**နောက်ဆက်တွဲ(ဆ)**

## ဝန်ထမ်းသက်သာချောင်ချိရေးရန်ပုံငွေ
## ဝင်ငွေနှင့်အသုံးစရိတ်စာရင်း

| စဉ် | အကြောင်းအရာ | အသုံးစရိတ် | | စဉ် | အကြောင်းအရာ | ဝင်ငွေ | |
|---|---|---|---|---|---|---|---|
| | | ၂၀၁-ခုနှစ်---လအတွင်း | - -၂၀၁- ရက်နေ့မှ - - ၂၀၁-ရက်နေ့အထိ | | | ၂၀၁-ခုနှစ်--- လအတွင်း | - -၂၀၁- ရက်နေ့မှ - - ၂၀၁-ရက်နေ့အထိ |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | အသုံးစရိတ်ထက်ပိုသောဝင်ငွေ | | | | ဝင်ငွေထက်ပိုသောအသုံးစရိတ် | | |
| | စုစုပေါင်း | | | | စုစုပေါင်း | | |

- ဝင်ငွေနှင့်အသုံးစရိတ်စာရင်းကိုရေးဆွဲရာတွင် ဝင်ငွေသည် အသုံးစရိတ်ထက်များနေပါက အသုံးစရိတ်ထက်ပိုသောဝင်ငွေဖြစ်ပေါ်မည်ဖြစ်ပြီး အသုံးစရိတ်သည် ဝင်ငွေထက်ပိုမိုပါက ဝင်ငွေထက်ပိုသောအသုံးစရိတ်ဖြစ်ပေါ်မည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ(ဇ)**

**ဝန်ထမ်းသက်သာချောင်ချိရေးရန်ပုံငွေ**

**------------- ဌာန၊ အဖွဲ့အစည်း၏ ------------ ဘဏ္ဍာရေးနှစ်၊ -------------**

**ရက်နေ့ရှိ**

**လက်ကျန်ရှင်းတမ်း**

| စဉ် | ပေးရန်တာဝန်များ | ငွေရပ် | ရရန်ပိုင်ခွင့်များ | ငွေရပ် |
|---|---|---|---|---|
| | မတည်ငွေ၊ ထောက်ပံ့ငွေ | ×××× | ပုံသေရပိုင်ခွင့်များ | ×××× |
| | အသုံးစရိတ်ထက်ပိုသောဝင်ငွေ | ×××× | | |
| | ဝင်ငွေထက်ပိုသောအသုံးစရိတ် | (××××) | အခြားရပိုင်ခွင့်များ | ×××× |
| | ကာလရှည်ပေးရန် တာဝန်များ | ×××× | လက်ငင်းရပိုင်ခွင့်များ | ×××× |
| | လက်ငင်းပေးရန် တာဝန်များ | ×××× | | |
| | | | စာရင်းပိတ်ငွေသားလက်ကျန် | ×××× |
| | စုစုပေါင်း | ×××× | | ×××× |

**မှတ်ချက်။** ပုံသေပိုင်ပစ္စည်းစာရင်းများကို မှတ်တမ်းတင်ထားရှိရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၆**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

**မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း**

၁။ မော်တော်ယာဉ်အရောင်းစင်တာ (Car Sale Centre) ဖွင့်လှစ်ရောင်းချခြင်းနှင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်ထုတ်ပေးခြင်းဆိုင်ရာကိစ္စများကို ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ (၁)
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ (၂)
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

၂။ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူများ အဆင်ပြေစေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာ မူဝါဒများချမှတ်၍ အမျိုးသားအကျိုးစီးပွားမထိခိုက်စေရေး၊ ပြည်သူလူထုမှ သက်သာစွာဝယ်ယူသုံးစွဲနိုင်ရေးတို့အတွက် ရှင်းလင်းလွယ်ကူတိကျသော အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း၊

(ဂ) ယာဉ်အိုယာဉ်ဟောင်းအပ်နှံ၍ အစားထိုးလဲလှယ်ရေးအစီအစဉ်ဖြင့် ဆောင်ရွက်သကဲ့သို့ နိုင်ငံခြားပို့ကုန်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလုပ်ကိုင်သူများ၊ ပြည်ပသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်နေသူများနှင့် နိုင်ငံခြားသင်္ဘောသားများ မော်တော်ယာဉ်တင်သွင်းခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) ယာဉ်အိုယာဉ်ဟောင်းအပ်နှံ၍ အစားထိုးမော်တော်ယာဉ်တင်သွင်းသည့် ယာဉ်အိုယာဉ်ဟောင်း ပိုင်ရှင်များ၊ ပြည်ပသို့မော်တော်ယာဉ်မှာယူရာတွင် အခက်အခဲကြုံတွေ့နေရသူများ အဆင်ပြေစေရေးအတွက် မော်တော်ယာဉ်အရောင်းစင်တာ (Used Car Sale Centre) ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(င) ပြည်သူပြည်သားများအနေဖြင့် မော်တော်ယာဉ်အရောင်းပြခန်း (Show Room) များမှဖြစ်စေ၊ ပြည်ပမှ တိုက်ရိုက်မှာယူတင်သွင်း၍ဖြစ်စေ မိမိတတ်နိုင်သောငွေကြေးဖြင့် လွတ်လပ်စွာဝယ်ယူသုံးစွဲနိုင်သည်အထိ လုပ်ငန်းစီမံချက်ရေးဆွဲ၍ စီမံဆောင်ရွက်ခြင်း၊

(စ) ပါမစ်ထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ-မရှိ ကြီးကြပ်စစ်ဆေးခြင်း။

၃။ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၆**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

**မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ကချင်ပြည်နယ်၊ ဖားကန့်ဒေသတွင် သတ္တုတူးဖော်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများ အလိုက် အသုံးပြုလျက်ရှိသော ယာဉ်၊ စက်ယန္တရားများနှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးနိုင်ရန် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဗိုလ်ချုပ်အောင်စိုး — အဖွဲ့ခေါင်းဆောင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဦးချစ်ကိုကို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ဂ) ဦးရန်နိုင်ထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဃ) ဦးသန်းဆွေဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ဦးကျော်ကျော်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) ဦးအောင်ညွန့်သိမ်း — အတွင်းရေးမှူး
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန

၂။ မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကုမ္ပဏီအလိုက် အသုံးပြုလျက်ရှိသည့် ယာဉ်၊ စက်ယန္တရား အမျိုးအစားနှင့် အရေအတွက် အတိအကျကောက်ယူခြင်း၊

(ခ) အသုံးပြုလျက်ရှိသော ယာဉ်၊ စက်ယန္တရားများသည် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းထားသည့် ယာဉ်၊ စက်ယန္တရား ဟုတ် မဟုတ် စစ်ဆေးခြင်း၊

(ဂ) အပိုဒ်ခွဲ (ခ) နှင့်အညီ စစ်ဆေးတွေ့ရှိချက်အရ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်စွာ တင်သွင်းသည့် ယာဉ်၊ စက်ယန္တရားဖြစ်ကြောင်းတွေ့ရှိလျှင် ယင်းယာဉ်၊ စက်ယန္တရားကို လုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်ပုံတင်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း။

၃။ စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအတွက် တစ်လုံးတစ်ခဲတည်းနှင့် လစဉ်ချီးမြှင့်ငွေများ သတ်မှတ်ခြင်း**

၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက် အခန်း (၁၀)၊ အပိုဒ် ၃၀ နှင့် အခန်း (၁၁)၊ အပိုဒ် ၄၂ တို့အရ နိုင်ငံတော်မှ ချီးမြှင့်လျက်ရှိသော ဂုဏ်ထူးဆောင်ဘွဲ့များ၊

ဂုဏ်ထူးဆောင်တံဆိပ်များ၏ အမျိုးအစားအလိုက် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် လစဉ်ချီးမြှင့်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၅) နှင့် (၂၇/၂၀၁၅) တို့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

| စဉ် | ဘွဲ့/တံဆိပ်အမျိုးအစား | တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေ (ကျပ်) | လစဉ်ချီးမြှင့်ငွေ (ကျပ်) |
|---|---|---|---|
| ၁။ | အောင်ဆန်းသူရိယဘွဲ့ | ၄,၀၀၀,၀၀၀ | ၁၀၀,၀၀၀ |
| ၂။ | သီဟသူရဘွဲ့ | ၃,၂၀၀,၀၀၀ | ၈၀,၀၀၀ |
| ၃။ | သူရဘွဲ့ | ၂,၄၀၀,၀၀၀ | ၆၀,၀၀၀ |
| ၄။ | အောင်ဆန်းတံဆိပ် | ၉၀၀,၀၀၀ | - |
| ၅။ | သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် | ၅၄၀,၀၀၀ | - |
| ၆။ | သီဟဗလတံဆိပ် | ၆၀၀,၀၀၀ | - |
| ၇။ | မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ် (အငြိမ်းစားယူပြီးနောက်) | - | ၃၀,၀၀၀ |
| ၈။ | စစ်မှုထမ်းကောင်းတံဆိပ် | ၄၈၀,၀၀၀ | - |
| ၉။ | ပြည်သူ့သားကောင်းတံဆိပ် | ၆၀၀,၀၀၀ | ၁၀,၀၀၀ |
| ၁၀။ | ရဲသီဟတံဆိပ် | ၆၀၀,၀၀၀ | - |
| ၁၁။ | ရဲသူရတံဆိပ် | ၄၀၀,၀၀၀ | - |
| ၁၂။ | ရဲဗလတံဆိပ် | ၃၀၀,၀၀၀ | - |
| ၁၃။ | ရဲမှုထမ်းကောင်းတံဆိပ် | ၂၄၀,၀၀၀ | - |
| ၁၄။ | ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် | ၁၅၀,၀၀၀ | - |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၆၀/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် )

## "၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့" များ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀ (ခ)အရ ပြည်ထောင်စုအစိုးရအဖွဲ့ကသာတင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် "၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့" များကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **အဖွဲ့(၁)။** အောက်ပါအတိုင်းဖွဲ့စည်းပြီး နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်ကောင်စီ(နေပြည်တော်စည်ပင်သာယာရေးကော်မတီအပါအဝင်) တို့ကို စိစစ်ရမည် -

| | | | |
|---|---|---|---|
| (၁) | ဦးသူရိန်ဇော် | ကော့ကရိတ်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဦးစောမော်ထွန်း | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁) | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးမင်းဆွေ | ဒိုက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးညီညီမြင့် | အုတ်တွင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးစိုးမြင့် | ညောင်လေးပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးဖိုးဇော် | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဦးရဲမြင့် | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄) | အဖွဲ့ဝင် |
| (၉) | ဦးသက်နိုင်ဦး | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| (၁၀) | ဦးတင်ဝင်း | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈) | အဖွဲ့ဝင် |
| (၁၁) | ဦးဖုန်းမြင့်အောင် | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဗိုလ်မှူးကြီး သိန်းထွဋ် | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၃) | ဦးမောင်တိုး | မင်းလှမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (၁၄) | ဦးအောင်ချိုဦး | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁) | တွဲဖက်အတွင်းရေးမှူး |

(ခ) **အဖွဲ့(၂)။** အောက်ပါအတိုင်းဖွဲ့စည်းပြီး ကာကွယ်ရေးဝန်ကြီးဌာနကို စိစစ်ရမည် -

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းစိန် | ကဝမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်ငြိမ်း | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂) | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးလှထွန်းဦး | ဒလမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးသန်းထွန်း | ဒီပဲယင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးသန်းနွယ် | ဘုတလင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းသာစိန် | ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (၇) | ဦးတိုးဝင်း | တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၈) | ဒေါ်နန်းနီနီအေး | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| (၉) | ဒေါက်တာဌေးဝင်း | ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅) | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်မှူးကြီးမြင့်ဆွေ | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦး | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၂) | ဗိုလ်မှူးသိန်းထွန်း | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၃) | ဦးသန်းမြင့် | ဆားလင်းကြီးမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (၁၄) | ဦးစံပြည့် | ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇) | တွဲဖက်အတွင်းရေးမှူး |

(ဂ) **အဖွဲ့(၃)**။ အောက်ပါအတိုင်းဖွဲ့စည်းပြီး ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကို စိစစ်ရမည် -

| | | | |
|---|---|---|---|
| (၁) | ဦးဌေးဦး | ဟသ်ာတမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဦးဉာဏ်လင်း | ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃) | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးစောထွဋ်ခေါင်လွင် | ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးအောင်ကျော်ခင် | ကျောက်တန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးရဲထွဋ်တင် | ဖားဆောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးစောဘသိန်း | သထုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းမြမောင် | ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀) | အဖွဲ့ဝင် |
| (၈) | ဦးကျော်ထွန်းအောင် | ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) | အဖွဲ့ဝင် |
| (၉) | ဦးစိုင်းစံမင်း | ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| (၁၀) | ဦးထွန်းကျော်(ခ) ဦးအိုက်ကျော် | ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀) | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဗိုလ်မှူးကြီး မြတ်ကို | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၂) | ဗိုလ်မှူးသိန်းဘိုဘိုထွေး | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၃) | ဦးတင်မောင်ဝင်း | မင်္ဂလာဒုံမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (၁၄) | ဗိုလ်မှူးကျော်နိုင်ဌေး | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် | တွဲဖက်အတွင်းရေးမှူး |

(ဃ) **အဖွဲ့(၄)**။ အောက်ပါအတိုင်းဖွဲ့စည်းပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို စိစစ်ရမည် -

| | | | |
|---|---|---|---|
| (၁) | ဦးသိန်းဇော် | မြစ်ကြီးနားမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာဗညားအောင်မိုး | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇) | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးလှထွန်း | ခန္တီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဦးခင်မောင်ဌေး | ထီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးစောသိန်းအောင် | လှိုင်းဘွဲ့မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးပိုက်ကို | ပခုက္ကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးဆားရယ် | ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| (၈) | ဦးစောအောင်ကျော်နိုင် (ခ)ရှားဘူးဖော့ | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၉) | ဦးစောသန်းထွန်း | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄) | အဖွဲ့ဝင် |
| (၁၀) | ဦးဟာရှိန်းဘွေ | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈) | အဖွဲ့ဝင် |
| (၁၁) | ဦးဇော်နိုင်ဦး | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂) | အဖွဲ့ဝင် |

(၁၂) ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျ — တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် — အဖွဲ့ဝင်
(၁၃) ဒေါ်ဒွဲဘူ — အင်ဂျန်းယန်မဲဆန္ဒနယ် — အတွင်းရေးမှူး
(၁၄) ဦးဝင်းတင့် — စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁) — တွဲဖက်အတွင်းရေးမှူး

(င) **အဖွဲ့(၅)။** အောက်ပါအတိုင်းဖွဲ့စည်းပြီး ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ကို စိစစ်ရမည် -

(၁) ဦးဝင်းမြင့် — မြင်းခြံမဲဆန္ဒနယ် — ဥက္ကဋ္ဌ
(၂) ဦးစိုင်းဝင်းမောင် — ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) — ဒုတိယဥက္ကဋ္ဌ
(၃) ဦးသန်းဝင်း — တောင်တွင်းကြီးမဲဆန္ဒနယ် — အဖွဲ့ဝင်
(၄) ဦးဘထီး — ရမ်းဗြဲမဲဆန္ဒနယ် — အဖွဲ့ဝင်
(၅) ဒေါ်ခင်စန်းလှိုင် — ပုလဲမဲဆန္ဒနယ် — အဖွဲ့ဝင်
(၆) ဦးကျော်ခိုင်ဝင်း — မယ်စဲ့မဲဆန္ဒနယ် — အဖွဲ့ဝင်
(၇) ဦးမင်းမျိုးတင့်လွင် — ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀) — အဖွဲ့ဝင်
(၈) ဦးစတီဗင်သာဘိတ် — ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄) — အဖွဲ့ဝင်
(၉) ဦးခမ်ဆွင်းမုန် — ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) — အဖွဲ့ဝင်
(၁၀) ဦးအောင်ဝင်း — တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄) — အဖွဲ့ဝင်
(၁၁) ဦးမောင်သာခင် — ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈) — အဖွဲ့ဝင်
(၁၂) ဒုတိယဗိုလ်မှူးကြီးလှစိုး — တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် — အဖွဲ့ဝင်
(၁၃) ဦးဖြိုးမင်းသိန်း — လှည်းကူးမဲဆန္ဒနယ် — အတွင်းရေးမှူး
(၁၄) ဦးဌေးရယ် — ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇) — တွဲဖက်အတွင်းရေးမှူး

(စ) **အဖွဲ့(၆)။** အောက်ပါအတိုင်းဖွဲ့စည်းပြီး အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို စိစစ်ရမည် -

(၁) ဦးစိုးသာ — တွံတေးမဲဆန္ဒနယ် — ဥက္ကဋ္ဌ
(၂) ဦးရှုမောင် — ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈) — ဒုတိယဥက္ကဋ္ဌ
(၃) ဦးကြည်တင့် — ဓနုဖြူမဲဆန္ဒနယ် — အဖွဲ့ဝင်
(၄) ဦးဉာဏ်ဆွေဝင်း — ကျောက်ကြီးမဲဆန္ဒနယ် — အဖွဲ့ဝင်
(၅) ဦးကြည်ပြုံး — စဥ့်ကိုင်မဲဆန္ဒနယ် — အဖွဲ့ဝင်
(၆) ဒေါ်ခင်မွှေးလွင် — မင်းကင်းမဲဆန္ဒနယ် — အဖွဲ့ဝင်
(၇) ဦးတင်မောင်ဝင်း — မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃) — အဖွဲ့ဝင်
(၈) ဦးစောအုန်း — မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉) — အဖွဲ့ဝင်
(၉) ဦးအုန်းတင် — ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀) — အဖွဲ့ဝင်
(၁၀) ဦးစိုင်းသန့်ဇင် — ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄) — အဖွဲ့ဝင်
(၁၁) ဦးလှိုင်ဦး — ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂) — အဖွဲ့ဝင်
(၁၂) ဗိုလ်မှူးကြီးနေလင်း — တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် — အဖွဲ့ဝင်
(၁၃) ဦးအေးမောက် — မလှိုင်မဲဆန္ဒနယ် — အတွင်းရေးမှူး
(၁၄) ဒေါ်ရီရီမြင့် — မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) — တွဲဖက်အတွင်းရေးမှူး

(ဆ) **အဖွဲ့(၇)။** အောက်ပါအတိုင်းဖွဲ့စည်းပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို စိစစ်ရမည် -

(၁) ဦးတင်ထွတ် — ဇလွန်မဲဆန္ဒနယ် — ဥက္ကဋ္ဌ
(၂) ဦးပေါ်လျှံလွင် — ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉) — ဒုတိယဥက္ကဋ္ဌ
(၃) ဦးအောင်သိန်းလင်း — တောင်ဥက္ကလာပမဲဆန္ဒနယ် — အဖွဲ့ဝင်
(၄) ဦးကျော်မြင့် — မြန်အောင်မဲဆန္ဒနယ် — အဖွဲ့ဝင်

| | | | |
|---|---|---|---|
| (၅) | ဦးကျော်မြင့် | မိုးမိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးဇော်ထွန်း | မိုးမောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးဆန်းရယ် | ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) | အဖွဲ့ဝင် |
| (၈) | ဦးစောမြဝင်း | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၁) | အဖွဲ့ဝင် |
| (၉) | ဦးမြင့်လှိုင် | ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂) | အဖွဲ့ဝင် |
| (၁၀) | ဦးလျှုကွယ်ရှိ | ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၁) | အဖွဲ့ဝင် |
| (၁၁) | ဗိုလ်မှူးကြီးအောင်သီဟ | တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၂) | ဗိုလ်မှူးကြီးဝင်းလွင်ဦး | တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၃) | ဦးငွေဝင်း | လယ်ဝေးမဲဆန္ဒနယ် | အတွင်းရေးမှူး |
